ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ကရင်ချောင်ကျေးရွာ၊ ကရင်ချောင်ကျေးရွာအုပ်စု

၂၀၁၉ ခုနှစ်    ကျောက်တန်းမြို့

# မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ ..... 2

၂။ ကရင်ချောင်ကျေးရွာအုပ်စုမြေပုံ..... 3

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ ..... 4

၄။ ကျေးရွာအခြေခံအချက်အလက်များ ..... 4

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ..... 6

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ..... 7

အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ ..... 16

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ ..... 19

၈။ ကော်မတီဝင်များစာရင်း..... 21

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက် ..... 23

၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား ..... 27


၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ..... 29

၁၂။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ..... 32

၁၄။ အစည်းအဝေးမှတ်တမ်းများ ..... 34


၁၅။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ..... 38

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝ -
မြေ -

## ၂။ ကရင်ချောင်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ကရင်ချောင်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ကရင်ချောင်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၂) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ မော်ဝန်းချောင်း၏ တောင်ဘက်ကမ်း (၇) မိုင် (၃) ဖာလုံခန့်အကွာတွင် တည်ရှိသည်။ ကရင်ချောင်ကျေးရွာကို လွန်ခဲ့သော နှစ်ပေါင်း (၂၀၀) ကျော်ခန့်က အိမ်ခြေ (၂၈၈) အိမ်ရှိပါသည်။ ကရင်ချောင်ကျေးရွာ၏ အရှေ့ဘက်တွင် ဖွဲကနာကျေးရွာရှိပြီး၊ အနောက်ဘက်တွင် ကွနီးကျေးရွာ၊ တောင်ဘက်တွင် ကမာကလုတ်စံပြကျေးရွာ၊ မြောက်ဘက်တွင် ရွာသစ်ကလေးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ကရင်ချောင်ကျေးရွာရှိ မြေဧရိယာအားလုံးမှာ လယ်ယာစိုက်ပျိုးနိုင်သည့် မြေနိမ့်လွင်ပြင်များဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၂၀)ပေ အမြင့်တွင် တည်ရှိပါသည်။ ကရင်ချောင်ကျေးရွာတွင် ဗမာလူမျိုး (၁၃၇၇) ရှိပြီး၊ ဟိန္ဒူ လူမျိုး (၁၃၄)နှင့် ခရစ်ယာန်လူမျိုး (၅၂)ဦးတို့ နေထိုင်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပါသည်။ ဝင်ငွေအသင့်အတင့်ကောင်းမွန်မှု ရှိပါသည်။ ပညာရေးကို အလေးထားဆောင်ရွက်ကြပါသည်။ ဘာသာတရား ကိုင်းရှိုင်းပြီး စည်းလုံးညီညွတ်စွာ တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီကြပါသည်။

## ၂။ ကျေးရွာရှိအိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၂၇၉ | ၇၂၉ | ၇၂၄ | ၁၄၅၃ |
| ဟိန္ဒူ | ၅၀ | ၆၄ | ၇၀ | ၁၃၄ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၄၀ | ၂၂ | ၁၈ | ၄၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | စပါးရောင်းဝယ်ရေး | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ဈေးဆိုင် | ဆိုင်ကယ်ဝပ်ရှော့ |
| | ဘဲ | ဆန်စက် | |
| | ဆိတ် | ချွေလှေ့စက် | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၀၆၀ | ၁ | ၀ | ၀ | ၇ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ချွေစက်၊ချွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၂ | ၇၀ | ၂ | ၁၀ | ၀ | ၆ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂ | ၂၅၄ | ၂၅၄ | ၁၀၀ | ၁၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်/ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀၀/၅၀၀ | ၁၂၀ | ၁၅ | ၉၀၀ | ၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၅-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၂ | ၁၃ | ၂၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၅-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၁၂ | ၂၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဝမ်းစာဖူလုံမှု |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၂၅-၁၀-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၁ | ၂၃ | ၃၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသတ်မှတ်ချက် | ၂၅-၁၀-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု ရပ်မိရပ်ဖ | ၁၀ | ၁၂ | ၂၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၀-၁၀-၂၀၁၅ | အမျိုးသားများ နှင့် မျိုးသမီးများ | ၁၇ | ၆၀ | ၇၇ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့်မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၁၀-၁၀-၂၀၁၅ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၂ | ၂၃ | ၃၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ် ချက်များ

**၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**





**သုံးသပ်ချက်**

ကရင်ချောင်အုပ်စု၊ ကရင်ချောင်ကျေးရွာသည် ကျောက်တန်းမြို့ အရှေ့ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု (၃၂၉)ဖြင့် တည်ရှိသော ရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း ဖြစ်ပါသည်။ ကျေးရွာ၏ လူမှုရေး ကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ကြပြီး ကျေးရွာသူ/သား အများစုမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြပါသည်။ ကရင်ချောင်ကျေးရွာ၏ အရှေ့ဘက်တွင် ဖွဲကနာကျေးရွာ၊ အနောက်ဘက်တွင် ကွနီးကျေးရွာ၊ တောင်ဘက်တွင် ကမာကလုတ် စံပြကျေးရွာ၊ မြောက်ဘက်တွင် ရွာသစ်ကလေးကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ရွာ၏အနောက်ဘက်တွင် ချောင်းတစ်ချောင်း ရှိပါသည်။ ကျေးရွာအတွင်းတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် မူကြိုကျောင်း တစ်ကျောင်းလည်း ရှိပါသည်။ ခရစ်ယာန်ကျောင်း တစ်ကျောင်းနှင့် ဆန်စက်တစ်ခုလည်း ရှိပါသည်။ ရွာတွင် ရေကန်(၆)ကန်နှင့် စက်ရေတွင်း(၁)ခု ရှိသဖြင့် သောက်သုံးရေ လုံလောက်မှု ရှိပါသည်။

ကရင်ချောင်ကျေးရွာ၏ လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော လမ်းခင်းခြင်း၊ Box-Culvert တည်ဆောက်ခြင်း၊ အားကစားကွင်း စသည်တို့မှာ ကျေးရွာ၏ လိုအပ်ချက်များဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်း ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်စီမံကိန်းစက်ဝန်းတွင်ကျေးရွာ၏ ဦးစားပေးလုပ်ငန်းဖြစ်သော ကျေးရွာတွင်း လမ်းကွန်ကရစ်လမ်းခင်းခြင်း၊ Box-Culvertများတည်ဆောက်ခြင်း၊ ကျောင်းကစားကွင်းတည်ဆောင်ခြင်း၊ ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများအား လုပ်ဆောင်ခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး၊ရေကောင်းရေသန့်ရရှိရေးများ ယခင်ကထက် ပိုမိုကောင်းမွန်လာပါသည်။

## ၂။ ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။


ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကရင်ချောင်ကျေးရွာအုပ်စု၊ ကရင်ချောင်ကျေးရွာ။ 25.10.2019


ဉစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ချက်

| အဆင့် | သတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ဧက (၂၀-၅၀)၊ တိုက်အိမ်၊ ရိုပ်စက်၊ ထွန်စက်၊ ခြွေလှေ့စက်၊ TV ဆန်စက်၊ ရေခဲသေတ္တာ၊ အဲယားကွန်း။ | ၆၅ | ၂၀% |
| အလယ်အလတ် | ဆိုင်ကယ်၊ ထော်လာဂျီ၊ လယ် (၅-၁၀) ဧက၊ ပျဉ်ထောင်သွပ်မိုး၊ တုတ်တုတ်။ TV | ၂၃၂ | ၇၀% |
| နွမ်းပါး | ဓနိမိုး ထရံကာ၊ လက်လုပ်လက်စား၊ ဆိုင်ကယ်၊ စက်ဘီး၊ TV။ | ၃၂ | ၁၀% |
| ပါဝင်ဆွေးနွေးသူ | ကျား (၁၁)၊ မ (၂၃) စုစုပေါင်း | ၃၂၉ | ၁၀၀% |

### သုံးသပ်ချက်

ကရင်ချောင်ကျေးရွာတွင် ချမ်းသာသောအိမ်ထောင်စု၊ အသင့်အတင့်ရှိသောအိမ်ထောင်စုနှင့် နွမ်းပါးသောအိမ် ထောင်စုများ ဟူ၍ (၃)မျိုးရှိသည်ကိုတွေ့ရပါသည်။ ချမ်းသာသောအိမ်ထောင်စုများမှာ လယ်ကေ(၂၀မှ၅၀)အထိ ရှိပြီး၊ တိုက်အိမ်၊ ပျဉ်ထောင်သွပ်မိုး၊ ရိတ်သိမ်းစက်၊ ထွန်စက်၊ ဆိုင်ကယ်၊ ခြွေလှေ့စက်၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ TV၊ဆန်စက် အသီးသီးပိုင်ဆိုင်ကြပြီး၊ အသင့်အတင့်ရှိသောအိမ်ထောင်စုများမှာ လယ်ကေ(၅မှ၁၀)ကေ၊TV၊ဆိုင်ကယ်၊နွားပုံစက်၊ ထော်လာဂျီ၊ ပျဉ်ထောင်သွပ်မိုး၊ တုတ်တုတ် စသည်တို့ ပိုင်ဆိုင်ကြပါသည်။ နွမ်းပါးသောအိမ်ထောင်စုများမှာ ဓနိမိုး၊ ထရံကာ၊ဆိုင်ကယ်၊ စက်ဘီး၊ လက်လုပ်လက်စား ၊ TV စသည်တို့ ပိုင်ဆိုင်ကြပါသည်။ ကရင်ချောင်ကျေးရွာတွင် ချမ်းသာသော အိမ်ထောင်စုမှာ(၆၅) ရှိပြီး ရာခိုင်နန်းအားဖြင့်(၂၀%) ရှိပါသည်။ အလယ်အလက် အိမ်ထောင်စုမှာ(၂၃၂) ရှိပြီး ရာခိုင်နန်းအားဖြင့်(၇၀%)နှင့် နွမ်းပါးသော အိမ်ထောင်စုမှာ(၃၂) ရှိပြီး ရာခိုင်နန်းအားဖြင့်(၁၀%) ရှိပါသည်။ ကရင်ချောင်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အရေအတွက်များပြားနေရခြင်းမှာ မြေယာမဲ့ နည်းပါးပြီး လက်လုပ်လက်စား သမားများ မှီခိုရသော လုပ်ငန်းများ ရှိသောကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




### သုံးသပ်ချက်

### ရာသီဥတု

တန်ခူးလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလများတွင် နေသာပြီး၊ ကဆုန်လ၊ တော်သလင်းလနှင့် သီတင်းကျွတ်လများတွင် မိုးအနည်းငယ်ရွာသွန်းပါသည်။ နယုန်လ၊ ဝါဆိုလနှင့်ဝါခေါင်လများတွင် မိုးများစွာ ရွာသွန်း နှင့် နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလများတွင် အနည်းငယ်ချမ်းအေးပါသည်။

### စိုက်ပျိုးရေး

စိုက်ပျိုးရေးအနေဖြင့်စပါးနှင့်ပဲများကို အဓိက စိုက်ပျိုးကြသည်။ ကဆုန်လတွင် စပါးစိုက်ရန် ထွန်ယက်ကြပြီး ၊ဝါဆိုလတွင်စပါးစိုက်ပြီး၊ ဝါဆိုလနှင့် ဝါခေါင်လများတွင် မြေဆီကြွေးပြီး၊တော်သလင်းလတွင် စပါးခင်းများအား ငှက်များဝင် ရောက်မဖျက်ဆီးစေရန် စောင့်ကြည့်ကြပြီး၊ သီတင်းကျွတ်လတွင် စပါးများ ရိတ်သိမ်းကြသည်။ တန်ဆောင်မုန်းလတွင် ပဲစိုက်ရန် ထွန်ယက်ကြပြီး နတ်တော်လတွင် ပဲကျဲကြပြီး ပြာသိုလတွင် ဆေးဖြန်းကြပြီး၊ တပို့တွဲလနှင့် တပေါင်းလများတွင် ပဲနှုတ်ကြသည်။

**မွေးမြူရေး**

မိသားစု တစ်နိုင်တစ်ပိုင် ဝင်ငွေရရှိရန် ကြက်၊ ဝက်နှင့် ဆိတ်များကို တစ်နှစ်ပတ်လုံး မွေးမြူကြသည်။

**ပွဲတော်ရက်**

တန်ခူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ် လတွင် ဆီမီးပူဇော်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်နှင့် တပေါင်းလတွင် ဘုရားပွဲများကျင်းပကြပါသည်။

**အားလပ်ချိန်** တန်ခူးလ၊ ကဆုန်လ၊ ဝါခေါင်လ၊ တော်သလင်းလနှင့် ပြာသိုလများသည်လုပ်ငန်းအားလပ်ချိန်များ ဖြစ်ပါသည်။


**ကျန်းမာရေး**

ကဆုန်လနှင့် သီတင်းကျွတ်လများတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် တုပ်ကွေးရောဂါ အဖြစ်များသည်။

**ဝင်ငွေ၊ထွက်ငွေ**

သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ တပို့တွဲလနှင့် တပေါင်းလများတွင် စပါး နှင့် ပဲတီစိမ်းပေါ်ချိန်ဖြစ်သောကြောင့် ဝင်ငွေများပြီး၊ တန်ခူးလ၊ ဝါဆိုလ၊ ဝါခေါင်လ၊ နတ်တော်လနှင့် ပြာသိုလများတွင် ဝင်ငွေအသင့်အတင့်ရှိပြီး ကဆုန်လ၊ နယုန်လနှင့် တော်သလင်းလများတွင် ဝင်ငွေနည်းပါးသည်။ ထွက်ငွေအနေဖြင့် သီတင်းကျွတ်လတွင် ရိတ်သိမ်းခများပေးချေရခြင်း၊ ပွဲတော်များရှိခြင်း၊ ကျန်းမာရေး ချို့တဲ့ခြင်းတို့ကြောင့် ထွက်ငွေအလွန်များပါသည်။ တန်ခူးလ၊ ကဆုန်လ၊ နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲနှင့် တပေါင်းလများတွင် ထွက်ငွေ အသင့်အတင့်ရှိပြီး၊ တန်ဆောင်မုန်းလတွင် ထွက်ငွေအလွန်နည်းပါသည်။

## ၄။ ဗင်းပုံစံ နှင့် သုံးသပ်ချက်




### သုံးသပ်ချက်

ကရင်ချောင်ကျေးရွာ အတွင်းရှိ အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူး၊ မြန်မာ့ဂုဏ်ရည် ပရဟိတအဖွဲ့များ၊ မြင့်မြတ်ဖြူစင် သွေးလှူအသင်းတို့သည် သာရေးနာရေး လုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ မီးသတ်အဖွဲ့နှင့် လျှပ်စစ်မီးလင်းရေးကော်မတီသည် နွေရာသီတွင် လော်စပီကာများဖြင့် ကျေးရွာအတွင်း လှည့်လည်ကြေငြာခြင်း၊ မီးဘေးအန္တရာယ်သတိပေးခြင်းများ ပြုလုပ်ပါသည်။ မိခင်နှင့်ကလေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများ၏ အသိပညာဖွံ့ဖြိုးရေးနှင့် ကလေးများအတွက် ကျန်းမာရေးဗဟုသုတများအတွက် ဆောင်ရွက်ကြပါသည်။ လယ်ယာကော်မတီအဖွဲ့သည် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ လယ်ယာမြေနှင့်ပတ်သတ်သောကိစ္စများကို ဆောင်ရွက်ပါသည်။ ဝတ်အသင်းနှင့် ဓမ္မစကူးလ်အဖွဲ့သည် ကျေးရွာ၏ဘာသာရေးနှင့် ကလေးသူငယ်များ၏ ယဉ်ကျေးမှုများကို ဆောင်ရွက်ပါသည်။ မြစိမ်းရောင်၊ သမ၊ ပက်မြန်မာ အဖွဲ့တို့သည် ကျေးရွာရှိ အိမ်ထောင်စုများ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးပါသည်။ လူထုဗဟိုပြု စီမံကိန်းမှ ဖွဲ့စည်းထားသောကော်မတီအဖွဲ့များသည် မြို့နယ်ရှိ လူထုဗဟိုပြု စီမံကိန်းရုံးနှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်များ မြင့်မားလာအောင် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်ပါသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်




### သုံးသပ်ချက်

#### ကျန်းမာရေး

အမျိုးသားများသည် အခြားဝင်ငွေရရှိသော လုပ်ငန်းများနှင့် လယ်ယာမြေလုပ်ငန်းများတွင် ရာသီမရွေး လုပ်ကိုင်ဆောင်ရွက်ရသောကြောင့် အမျိုးသမီးများထက် ကျန်းမာရေးထိခိုက်မှုများ ပိုမိုတွေ့ရှိရပါသည်။

#### အိမ်မှုကိစ္စ

အိမ်မှုကိစ္စလုပ်ငန်းများတွင် အမျိုးသမီးများအတွက် အလုပ်အကိုင်ရှားပါးခြင်း၊ ကျေးရွာတွင် ရှိသော အလုပ်အကိုင်အများစုသည် အမျိုးသားများ လုပ်နိုင်သော အလုပ်များဖြစ်သောကြောင့် အိမ်မှုကိစ္စများကို အမျိုးသမီးများသာ လုပ်ကိုင်လျက်ရှိကြောင်း သိရှိရပါသည်။

**ဝင်ငွေရရှိမှု**

အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းပိုမို ရရှိသောကြောင့် အမျိုးသမီးများထက် ဝင်ငွေရရှိမှု အနည်းငယ် သာလွန်နေသည်ကို တွေ့ရပါသည်။

**အရင်းအမြစ် အသုံးချမှု**

စီးပွားရေးလုပ်ငန်းများနှင့် လယ်ယာလုပ်ငန်းများကို အမျိုးသားများကသာ လုပ်ဆောင်သောကြောင့် ကျေးရွာအတွင်းရှိ အရင်းအမြစ်များသုံးစွဲမှုတွင် အမျိုးသားများထက် အမျိုးသမီးများက အနည်းငယ်သာလွန်နေသည်ကို တွေ့ရှိရပါသည်။

**သာရေး၊ နာရေး**

ကရင်ချောင်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများသည် ရပ်ကျိုးရွာကျိုးလုပ်ငန်းများတွင် စိတ်အားထက်သန်ကြသော်လည်း အမျိုးသားများသည် ဝင်ငွေရရှိသောလုပ်ငန်းများကိုသာ ဦးစားပေး လုပ်ကိုင်နေသောကြောင့် သာရေးနာရေးများတွင် အမျိုးသားများထက် အမျိုးသမီးများကအနည်း ငယ်သာလွန်နေသည်ကို တွေ့ရပါသည်။

**ဦးဆောင်နိုင်မှု**

အမျိုးသမီးများသည် ရေးထုံးအစဉ်အလာအရ အိမ်မှုကိစ္စ များကိုသာ အချိန်ပေးရသောကြောင့် ဦးဆောင်နိုင်မှုတွင် အမျိုးသားများထက် လျော့နည်းနေသည်ကို တွေ့ရပါသည်။

**လုံခြုံမှု**

အမျိုးသားများသည် အမျိုးသမီးများထက် စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှု နှစ်ခုစလုံးတွင် သာလွန်နေသည်ကို တွေ့ရပါသည်။

**ပညာရေး**

ကရင်ချောင်ကျေးရွာသည် လယ်ယာ ကိုသာ အဓိကထား ဆောင်ရွက်လုပ်ကိုင်သော ကျေးရွာလေးဖြစ်ပါသည်။ အမျိုးသားများ အနေဖြင့် လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြသောကြောင့် ပညာရေးတွင် အမျိုးသမီးများထက် နိမ့်ကျနေသည်ကိုတွေ့ရပါသည်။

# ၆။ ပိုင်ဆိုင်မှုသုံးသပ်ချက်






### အရင်းအမြစ်ထိန်းချုပ်မှု

ကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်း၊ ထော်လာဂျီ၊ ထွန်စက်၊ စပါးရိတ်စက်၊ လယ်၊ ကား၊ ၊ နွားပျံ၊ ဆိုင်ကယ် စသည်တို့ကို အမျိုးသားများက ထိန်းချုပ်ကြပြီး အပ်ချုပ်စက်ကိုအမျိုးသမီးများက ထိန်းချုပ်ကြပါသည်။ အမျိုးသား အမျိုးသမီး ထိန်းချုပ်သော အရင်းအမြစ်များမှာ လမ်း၊ ရေတွင်းရေကန်၊ စာသင်ကျောင်း၊ အလှပြင်ဆိုင်၊ စျေးဆိုင် စသည်တို့ဖြစ်ကြပါသည်။

### အရင်းအမြစ်သုံးစွဲမှု

ကျေးရွာအတွင်းရှိ ထွန်စက်၊ ကား၊ စပါးရိတ်စက်၊ ထော်လာဂျီ၊ ခြွေလှေ့စက်၊ နွားပျံစက် စသည့် အရင်းအမြစ်များကို အမျိုးသားများက သုံးစွဲကြပြီး အပ်ချုပ်စက်၊ စျေးဆိုင်၊ အလှပြင်ဆိုင်၊ စျေးဆိုင် စသည့် အရင်းအမြစ်များကို အမျိုးသမီးများက သုံးစွဲကြပါသည်။ အမျိုးသား အမျိုးသမီး သုံးစွဲသော အရင်းအမြစ်များမှာ ဘုန်းကြီးကျောင်း၊ လယ်၊ လမ်း၊ ရေတွင်းရေကန်၊ စာသင်ကျောင်း၊ ဆိုင်ကယ် စသည်တို့ဖြစ်ပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၂၅.၁၀.၂၀၁၉

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုး သား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေး | √ | | |

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| | မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူ နည်း စု/ ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါ သလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



**စတုတ္ထနှစ် စီမံကိန်း စက်ဝန်း**
**စီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်းတင်ဓါတ်ပုံ။**



**စတုတ္ထနှစ် စီမံကိန်း စက်ဝန်း**
**စီမစီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်းတင်ဓါတ်ပုံ။**



စတုတ္ထနှစ် စီမံကိန်း စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ



စတုတ္ထနှစ် စီမံကိန်း စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးသက်ဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဆွေဆွေမြင့် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးကြည်ငွေ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးမင်းဆွေ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်သော်သော်ဦး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၆ | ဦးညွှန့်ရွှေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်မိုးနှင်းဝေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးစိုးနိုင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးလှဦး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်ညိုညိုဆွေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်မြင့်မြင့်ဝေ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးသန်းဦး | ကျား | ဝေဖန်အကြံပြု တိုင်ကြား ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်နွယ်နွယ် | မ | ဝေဖန်အကြံပြု တိုင်ကြား ဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၄ | ဒေါ်စန်းစန်းအေး | မ | ဝေဖန်အကြံပြု တိုင်ကြား ဖြေရှင်းရေးအဖွဲ့ဝင် |
| ၁၅ | ဦးရဲထွန်းအောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်သိန်းသိန်းလှိုင် | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်စုမွန်အေး | မ | ကျေးရွာငွေစာရင်းကိုင် |


**စုစုပေါင်း။ (၁၇) ယောက် ကျား-၈ ယောက် + မ-၉ ယောက်**

## ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ

| စဉ် | အမည် | လိင် | | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ဦးမင်းဟန် | √ | | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | |
| ၂ | ဒေါ်ဆွေဆွေမြင့် | | √ | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | |
| ၃ | ဦးသက်ဦး | √ | | ဥက္ကဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၄ | ဒေါ်ရွှေစင် | | √ | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်နေနီနန်းမိုး | | √ | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၆ | ဒေါ်စန်းစန်းဝင်း | | √ | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | |
| ၇ | ဦးကျော်ဦး | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | |
| ၈ | ဦးကျော်လွင်ဦး | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | |

**မှတ်တမ်းတင်သူ**
အမည်။ ဒေါ်ဇင်မာလှိုင်
ရာထူး။ လူထုစည်းရုံးရေးမှူး

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်



ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးဆက်သွယ်ရောက်ရှိသောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရမည်။ ... လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးချစ်သဲမောင် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09-799448015 | လူထုစည်းရုံးရေးမှူး၏အမည်<br>ဒေါ်ရင်မာလှိုင် |

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့ | ကရင်ချောင်း | ကရင်ချောင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | 279 | ဘာသာ(၁) ဗုဒ္ဓ | 279 |
| လူမျိုးစု (၂) အိန္ဒိယ | 50 | ဘာသာ(၂) ဟိန္ဒူ | 50 |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရေ------------ | | ဘာသာရေ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 2 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 40 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၇၉၂ | ၇၉၅ | ၁၅၈၇ |
| လူမျိုးစု (၁) မြန်မာ | ၇၂၉ | ၇၂၄ | ၁၄၅၃ |
| လူမျိုးစု (၂) အိန္ဒိယ | ၆၄ | ၇၀ | ၁၃၄ |
| လူမျိုးစု (၃)……… | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၃၁၉ | ၁၀ | ၃၂၉ |

(ဓ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် လယ်လုပ် ကျောင်း | | မှတ်ချက် | | မှတ်ချက် | |

) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် အခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုပဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(ဝ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား -----------------

မိုးရာသီတွင်ကြာချိန်-----------------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ----- ဒုဂစ်----------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ~~ခြစီမံရောင်~~ (၃) သမ (၄) ပတ် (၅) ~~မီးသတ်~~ (၆) ~~ခြင်ခြတ်~~ ဖြူစင် (၇) မီးဖွား မတ်

(၂) ~~လယ်ယာကော်မတီ~~ (၈) ဓမ္မစရာ (၉) မြန်မာ့ဂုဏ်ရည် (၁၀) ရေ~~ကော်မတီ~~ (၁၁) ကျောင်း ~~ဓ~~
(၁၂) ~~ဝေးဆေး~~ ဆေးပေး (၁၃) မိခင်နှင့်ကလေး (၁၄) အမျိုးသမီး ကော်မတီ
(၁၅) ရေးကြ ရပ်မိရပ်ဖ

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးချစ်သိန်းမောင်

လက်မှတ် [signature] နေ့စွဲ ၂၄.၁၀.၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် - ဒေါ်ခင်မာလှိုင်

လက်မှတ် [signature] နေ့စွဲ ၂၄.၁၀.၂၀၁၉

## ၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား


ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်တောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| ရည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မာလှိုင် | |
| နေ့စွဲ 24 · 10 · 2019 | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) ☑ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း - ရှမ်းကချင် မြို့နယ် ဗန်းမော်တိုင်း ကျေးရွာအုပ်စု - ကရင်ချောင်း ကျေးရွာ - ကရင်ချောင်း | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့် နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စု ပေါင်း | အိမ်ထောင် စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 24·10·19 | 24·10·19 | 89 | 87 | 176 | 18 | [illegible] | ၃၂၉ | ၅၄% |
| ၂။ ကျေးရွာစုံ ပြီးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 25·10·19 | 25·10·19 | 72 | 104 | 176 | 10 | [illegible] | ၃၂၉ | ၅၄% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 8·11·19 | 8·11·19 | 4 | 6 | 10 | 10 | ဗမာ | ၃၂၉ | ၃% |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင် အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 2· 1·20 | 2· 1·20 | 18 | 48 | 66 | 2 | [illegible] | 329 | 20% |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 3· 1·20 | 3· 1·20 | 23 | 45 | 68 | 1 | [illegible] | 329 | 21% |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ [illegible] ရေးဆွဲခြင်း | 16-1-20 | 16-1-20 | 10 | 9 | 19 | 19 | မတ | 529 | 6% |
| ၆.၃။ [illegible] ရေးဆွဲခြင်း | 16-1-20 | 16-1-20 | 10 | 9 | 19 | 19 | မတ | 529 | 6% |
| ၆.၄။ [illegible] ရေးဆွဲခြင်း | 16-1-20 | 16-1-20 | 10 | 9 | 19 | 19 | မတ | 529 | 6% |
| ၇။ [illegible] အစည်းအဝေး | | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ [illegible] အစည်းအဝေး | | | | | | | | | |
| ၉။ [illegible] အစည်းအဝေး | | | | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်



ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အညွှန်းအစေးကြီးတွေ့သောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ခင်မာလှိုင် |

| | |
|---|---|
| နေ့စွဲ ၂၅.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့နယ် | တရင်ချောင် | တရင်ချောင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| စိုက်ပျိုးရေးနည်းပညာ အခက်အခဲ | ☑ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ☐ ကျား ☐ မ ☑ ကျား+ မ |
| အသိပညာ / ဗဟုသုတ အားနည်းခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| ကျန်းမာရေးနှင့် ပတ်သက်သော အခက်အခဲ | ☑ ကျား ☐ မ ☐ ကျား+ မ |
| အသိပညာပေး သောအဆောက်အဦး များ ပြုလုပ်ရန် ခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| ရေစီးရေလာကောင်းမွန်ရန် ခက်ခဲခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

ဃ။ မှန်းခြင်း- နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ ဆွေးနွေးမှုများမှ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များ | |
|---|---|
| အသိပညာ ဗဟုသုတများ ဖြန့်ဝေရန် | □ ကျား □ မ ☑ ကျား+ မ |
| (အတွက်) ကျေးရွာစာကြည့်တိုက်ရရှိလာစေရန် | □ ကျား □ မ ☑ ကျား+ မ |
| ရေလွှမ်းမိုးမှုများ မရှိဘဲ ရေစီးရေလာ ကောင်းမွန်လာစေရန် | □ ကျား ☑ မ □ ကျား+ မ |
| ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်လာစေရန် | ☑ ကျား □ မ □ ကျား+ မ |
| အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်သင်တန်း ရရှိလာစေရန် | □ ကျား ☑ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |

င။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အထိုက်ပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အချိန် ကာလ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေ အတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ကျေးရွာတွင်း လမ်း ကွန်ကရစ်ခင်းခြင်း | ကျား + မ | [illegible] | ၁ | ၃၅၃၂၇၈၅၀/- | ၇၉၂ | ၇၉၅ | ၁၅၈၇ |
| ၂ | ကျောင်းစာကြည့်တိုက် | " | " | ၂ | ၃၀၀၀၀၀၀/- | ၇၉၂ | ၇၉၅ | ၁၅၈၇ |
| ၃ | ရွာလယ်ပင်တံတား | " | " | ၃ | ၂၆၀၀၀၀၀/- | ၇၉၂ | ၇၉၅ | ၁၅၈၇ |
| ၄ | ဘုတ်တိုက်တံတား | " | " | ၄ | ၂၃၀၀၀၀၀/- | ၇၉၂ | ၇၉၅ | ၁၅၈၇ |
| ၅ | တောင်ကျွန်းကုန် ထုတ်တံတား | " | " | ၅ | ၃၅၀၀၀၀၀/- | ၇၉၂ | ၇၉၅ | ၁၅၈၇ |
| ၆ | ဒီရပါတံတား | " | " | ၆ | ၂၃၀၀၀၀၀/- | ၇၉၂ | ၇၉၅ | ၁၅၈၇ |

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးခံစားရမည့်သူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ဦးစားပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

သ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးခံစားရမည့်သူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသက်မွေးဝမ်းကြောင်း သင်တန်းများ | ကျား + မ | Livelihoods |
| ၂ | အသိပညာ ဖွံ့ဖြိုးရေး သင်တန်းများ | " | အခြား |
| ၃ | စိုက်ပျိုးရေး နည်းပညာ သင်တန်းများ | " | စိုက်ပျိုးရေး |
| ၄ | စက်ပြင်သင်တန်း | ကျား | Livelihoods |
| ၅ | တစ်နိုင်တပိုင် စီးပွားရှာရေး လုပ်ငန်းအတွက် ရင်းနှီး | ကျား + မ | " |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။
ဒေါ်တက်ဖုငွေ

အမည် ဒေါ်ဆွေဆွေမြင့် လက်မှတ် ............ နေ့စွဲ ၂၈-၁၀-၂၀၁၉

# ၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

ကာလ ငါးနှစ်

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်


**အနှစ်ချုပ်**

မှရှင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | ဖြင့်ပမည့်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းဖြစ်[illegible] | ☑ မ ☑ ကျား | | |
| | ၂ | တောင်ကျွန်းလမ်း ပြုပြင်ခြင်း | ☑ မ ☑ ကျား | | |
| | ၃ | ကျောင်းဆက်သွယ်လမ်း ပြုပြင်ခြင်း | ☑ မ ☑ ကျား | | |
| | ၄ | [illegible] ပြုပြင်ခြင်း | ☑ မ ☑ ကျား | | |
| | ၅ | [illegible] ပြုပြင်ခြင်း | ☑ မ ☑ ကျား | | |
| [illegible] | ၁ | အသက်မွေးဝမ်း ကျောင်း [illegible] | ☑ မ ☑ ကျား | | |
| | ၂ | စိုက်ပျိုးရေး နည်းပညာသင်တန်း | ☑ မ ☑ ကျား | | |
| | ၃ | စက်ပြင်သင်တန်း | ☐ မ ☑ ကျား | | |
| | ၄ | တစ်ဦးတစ်နိုင် [illegible] လုပ်ငန်း [illegible] | ☑ မ ☑ ကျား | | |
| | ၅ | [illegible] | ☐ မ ☐ ကျား | | |
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |
| အခြား | ၁ | ကျေးရွာမီးလင်း ရေး | ☑မ<br>☑ကျား | | |
| | ၂ | ရေကန်ဖြစ်ရည်သန့်ဖို့ ခက်ခြင်း | ☑မ<br>☑ကျား | | |
| | ၃ | အိမ်သာ တံတား ပြုပြင်ရေး | ☑မ<br>☑ကျား | | |
| | ၄ | | ☐မ<br>☐ကျား | | |
| | ၅ | | ☐မ<br>☐ကျား | | |

## ၁၄။ အစည်းအဝေးမှတ်တမ်းများ



ကျေးရွာအမည် - တရင်ချောင်

ကျေးရွာအုပ်စုအမည် - ကရင်ချောင်

မြို့နယ်အမည် - ကျောက်တန်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် - ၂၄.၁၀.၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အချိန် - ၁၁:၀၀ AM

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ - ပထမအကြိမ် မိတ်ဆက်အစည်းအဝေး ပြုလုပ်ခြင်း (စတုတ္ထနှစ်စက်ဝန်း)

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား (၈၉), မ (၈၇), စုစုပေါင်း (၁၇၆)

ရည်ရွယ်ချက်။ - ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းအကြောင်း ပိုမိုသိရှိလာရန်နှင့် စေတနာ့ဝန်ထမ်းရွေးချယ်ရန်။

ဆွေးနွေးချက်။ - ကရင်ချောင်ကျေးရွာ ပထမအကြိမ်မိတ်ဆက် အစည်းအဝေးကို လူထုစည်းရုံးရေးမှူးမှ မိတ်ဆက်ခြင်းဖြင့်စတင်ခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူးမှ စီမံကိန်း ရည်ရွယ်ချက်တို့ ရှင်းပြပြီး စီမံကိန်းအကြောင်း၊ အကျဉ်းချုပ် ပြန်လည်ဝင်ငွေ ရှင်းပြခဲ့ပါသည်။ အစည်းအဝေးသည် အိမ်ထောင်စု (၅၀%) တက်ရောက်မှသာ အထမြောက်မည် ဖြစ်သောကြောင့် ကျေးရွာလူထုမှ စုပေါင်းပါဝင်မှုသည် အဓိကလိုအပ်ကြောင်း ပြောကြား၍ စီမံကိန်းအား ဆက်လက်ရှင်းပြခဲ့ပါသည်။

ဆွေးနွေးချက်။ - လူထုစည်းရုံးရေးမှူး မှ စီမံကိန်း စက်ဝန်း အဝိုင်း (၆) ဝိုင်း။ အသင်း(၁၄)သင်းကို ကျေးရွာလူထုနှင့် အမေးအဖြေလုပ်၍ ထပ်မံရှင်းပြခဲ့ပါသည်။

ဆုံးဖြတ်ချက်။ - လူထုစည်းရုံးရေးမှူးမှ တတိယနှစ်စက်ဝန်းတွင်တာဝန်ထမ်းဆောင်ခဲ့သော စေတနာ့ဝန်ထမ်း ကော်မတီများကို စတုတ္ထနှစ်စက်ဝန်းတွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မှု ရှိ/မရှိ ကို ထပ်မံမေးမြန်းခဲ့ရာ ၎င်းတို့ (၂)ဦးမှ ဆက်လက်တာဝန်ထမ်းဆောင်ပေးနိုင်ကြောင်း၊ ကျေးရွာလူထုမှလည်း သဘောတူညီကြောင်း ပြောကြား၍ အတည်ပြုပေးခဲ့သည်။ ဆက်လက်၍ စည်းရုံးရေးမှူးများမှ လူမှုဝန်းစစ်ခြင်းများ ပြုလုပ်ရန်အတွက် အမျိုးသား/သမီး တစ်ဖွဲ့စီခွဲ၍လည်းကောင်း၊ အမျိုးသား/သမီး ပေါင်း၍ လည်းကောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ ထို့နောက် အစည်းဝေးကို ရပ်နားခဲ့ပါသည်။

(မှတ်တမ်းတင်သူ)
ဒေါ်ရင်မာလှိုင်
CF

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............ ကရင်ချောင်

ကျေးရွာအုပ်စု ............ ကရင်ချောင်

အစည်းအဝေးပြုလုပ်သည့်နေရာ ............ ကျောင်းဝင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............ ၂၈-၁၀-၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ ............ ဒုတိယအကြိမ် အစည်းအဝေး (စတုတ္ထနှစ် စက်ဝန်း)

အစည်းအဝေးတက်ရောက်သူဦးရေ ။ ။ ကျား ( ၇၂ )၊ မ ( ၁၀၄ ) စုစုပေါင်း ( ၁၇၆ )

ရည်ရွယ်ချက်။ ။ ကျေးရွာ၏ အမှန်တကယ် လိုအပ်သော လုပ်ငန်းများ ထွက်ပေါ်လာရန်နှင့် စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရန်အတွက် ကျေးရွာစီမံခန့်ခွဲမှု ကော်မတီအား ပြန်လည် ဖွဲ့စည်း/အတည်ပြုရန် လိုအပ်ပါက ပြန်လည် ရွေးချယ်ရန်။

ဆွေးနွေးချက်။ ။ ဒုတိယအကြိမ် အစည်းအဝေးတွင် လက်တွေ့ကျသည့် ပညာမျိုးမှ အကျိုးဝင်သော လုပ်ငန်း၊ အကျိုးမဝင်သော လုပ်ငန်းများနှင့် အကာအကွယ်များ အကြောင်းကို ရှင်းပြခဲ့ပါသည်။ ဆက်လက်၍ စတုတ္ထနှစ်စက်ဝန်းတွင် ကျေးရွာလူထုမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ယခင်နှစ် မဲအစီအစဉ်အတိုင်း လုပ်လိုက လုပ်နိုင်ကြောင်း၊ ပြန်လည်အသစ်ရွေးချယ်လိုက ရွေးချယ်နိုင်ကြောင်း ရှင်းပြခဲ့သည်။ ထို့နောက် ဦးစားပေးအလိုက် လုပ်ငန်းခွဲများအား ချပြ၍ ကျေးရွာလူထု၏ သဘောကို မေးမြန်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာလူထုမှ ယခင်နှစ်မဲ့အစီစဉ်တိုင်းသာ လုပ်ဆောင်လိုကြောင်း ပြောကြားသောကြောင့် အသစ်ပြန်လည် မရွေးချယ်ခဲ့ပါ။ ထို့ကြောင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း၊ ကျောင်းစာကြည့်တိုက်ရှေ့လယ်တံတား၊ ဘုတ်တိုက်တံတား၊ တောင်ကွင်းကိုထုတ်တံတား၊ ဒါရုပ်ပါတံတား စသည်တို့ကို ဆက်လိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။ ထို့နောက် ကော်မတီဝင်များအား ဆက်လက်လုပ်ဆောင်ပေးနိုင်၊ မပေးနိုင် မေးမြန်းရာ စီတောက် (ကျား)၊ ဝယ်ယူရေး (ကျား-၁)(မ-၁)၊ စာရင်းကြည့် (မ)၊ ကျေးရွာစာရင်းကိုင် (မ)၊ စီတောက်ဥက္ကဋ္ဌ (ကျား) အသီးသီးတို့မှ ယခုနှစ်တွင် ဆက်လက်လုပ်ဆောင် မပေးနိုင်ကြောင်း ပြောသောကြောင့် အသစ်ပြန်လည်ရွေးချယ်ရာ ဦးသက်ဦး (စီတောက်)၊ ဝယ်ယူရေး (ဦးမင်းအေး၊ ဒေါ်သော်ဦး)၊ ဒေါ်မိုးနှင်းဝေ (စာရင်းကြည့်)၊ ဒေါ်စုစုနွေး (စာရင်းကိုင်)၊ ဦးမင်းတန် (စီတောက်ဥက္ကဋ္ဌ) များအဖြစ်အသီးသီးပြန်လည်ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ဆောင်ရန်/ရှောင်ရန်များ ဖြင်လင်းပြောကြားကာ လက်မှတ်ထိုးစေပြီး အစည်းအဝေးကို ရပ်နားခဲ့ပါသည်။

(မှတ်တမ်းတင်သူ)
ဒေါ်ခင်စောမြိုင်
CF

## ၁၅။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ-၂၅.၁၀.၂၀၁၉ ကျေးရွာ-ကရင်ချောင် VDP ရက်စွဲ-၂၅.၁၀.၂၀၁၉
မြို့နယ်-ကျောက်တန်း ကျေးရွာအုပ်စု-ကရင်ချောင်

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ။
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ။